March 9 , 2023 Volume 64, Number 6

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

၉.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကြက်သွန်နီ ဈေးကွက်အခြေအနေ

မတ်လဒုတိယအပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၃၀၀၀၀ ကျော်ဝင်ရောက်လျက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရသည်။

မတ်လဒုတိယအပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီ ပေါက်ဈေးနှုန်းများမှာ တစ်ပိဿာလက်ကားဈေးနှုန်းများမှာ (ကြီး) (၁၀၅၀မှ ၁၂၀၀)ကျပ်၊ (လတ်) (၉၀၀မှ၁၀၀၀) ကျပ်၊ (သေး) (၈၀၀-၈၅၀)ကျပ် ပေါက်ဈေးရှိပြီး အလုံးဆိုဒ်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်း ကွာခြားမှုများရှိပါသည်။ လက်လီဈေးနှုန်းများမှာ တစ်ပိဿာ (ကြီး) (၁၂၀၀ မှ ၁၄၀၀)ကျပ်၊ (လတ်)(၁၀၀၀ မှ ၁၁၀၀) ကျပ်၊ (သေး) (၈၀၀ မှ ၉၀၀) ကျပ်ထိ ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းလာကြောင်း သိရပါသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ လက်လီတစ်ပိဿာ (ဗမာ) (၅၀၀၀ မှ ၆၀၀၀) ကျပ်၊ (ရှမ်းစ) (၄၀၀၀မှ၄၅၀၀)ကျပ်၊ ကြူကုတ် (၅၅၀၀မှ၆၀၀၀) ကျပ် ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source: ဧယျာကုန်သွယ်မှုဇဟိုဌာန**

## မုံရွာမြို့အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန် သီးနှံများထဲမှ ပဲတီစိမ်းကြီး ဈေးငြိမ်ပြီး ပဲတီစိမ်းသေး၊ ပဲစဉ်းငုံ၊ မတ်ပဲ၊ ပဲကြီး၊ CPပြောင်းဖူးစေ့ဈေးနှုန်း မြင့်တက်လာပါသည်။ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ929 သီးနှံဈေးနှုန်းများမှာ အနည်း ငယ်ဈေးကျလာပါသည်။ မတ်လဒုတိယအပတ်အတွင်း သီးနှံများ တစ်တင်းပေါက် ဈေးနှုန်းများမှာ ပဲစဉ်းငုံ (၆၈၆၀၀)ကျပ်၊ မတ်ပဲ(၅၉၀၀၀မှ၆၀၀၀၀)ကျပ်နှင့် ပဲတီစိမ်းကြီး (၄၅၀၀၀ မှ ၅၀၀၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၄၂၀၀၀)ကျပ်၊ ပဲကြီးတစ်တင်း (၆၈၀၀၀-၇၆၀၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်း များမှာ ပဲစဉ်းငုံတစ်တင်းလျှင် (၆၇၅၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၉၅၀၀)ကျပ် နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၅၀၀၀မှ၅၀၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၀၀၀၀မှ၄၁၀၀၀)ကျပ်၊ ပဲကြီးတစ်တင်း (၆၇၅၀၀-၇၃၀၀၀ )ကျပ် ပေါက်ဈေးရှိ၍

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကာလတူအချိန်နှင့် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲတီစိမ်းသေးတစ်တင်း (၁၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၀၀)ကျပ်၊ ပဲစဉ်းငုံ တစ်တင်း (၁၁၀၀)ကျပ်၊ ပဲကြီးတစ်တင်း(၃၀၀၀)ကျပ်ခန့် မြင့်တက်လာတာ သိရပါသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း (၆၃၅၀၀) ကျပ်၊ ကုလားပဲ ဖြူလုံးသေး (၆၂၅၀၀) ကျပ်၊ 929 (၆၂၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်ကာလတူ အချိန်ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း (၆၄၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၃၅၀၀) ကျပ်၊ 929 (၆၂၅၀၀)ကျပ် CPပြောင်းဖူးစေ့ (၁၉၈၀၀)ကျပ်ပေါက်ဈေးရှိ၍ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးကြီးတစ်တင်း (၅၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး(၁၀၀၀)ကျပ်၊ 929 (၅၀၀)ကျပ်၊ CPပြောင်းဖူးစေ့ (၁၀၀)ကျပ် ခန့် ဈေးအနည်းငယ် ကျဆင်းနေကြောင်းသိရပါသည်။

**Source: ဇေယျာကုန်သွယ်မှုဇုန်ဌာန**

## ပဲအသစ်များပေါ်ချိန် တောင်သူများဈေးကောင်းရ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ပဲအသစ်များ ဈေးကွက်ထဲသို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရနေတဲ့အတွက် တောင်သူများအဆင်ပြေနေသည်ဟု သိရှိရပါသည်။ ဈေးကွက်ထဲသို့ ကုလားပဲ(HL)၊ ကုလားပဲ(မြကြေး)၊ ပဲကြီး၊ ဘိုကိတ်ပြာစသည့် ပဲအသစ်များ ဝင်ရောက်လာပြီး ဝင်သလောက်လည်း အရောင်းအဝယ်သွက်နေကြောင်း သိရှိရပါသည်။

ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးမှုနည်းသလို အထွက်လည်းနည်းကြောင်း၊ စိုက်ပျိုးမှုနည်းရခြင်းမှာ စိုက်စရိတ်ကြီးမြင့်မှု၊ ပိုးကျမှု၊ လုပ်သားရှားပါးမှုကြောင့် စိုက်ပျိုးချိန်ရောက်နေသော်လည်း အချို့မှာမစိုက်ဖြစ်ခဲ့ခြင်းကြောင့် အထွက်လည်းနည်းနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ပဲကြီးဈေးမှာ တရုတ်ဝယ်လိုအားကြောင့် ပြီးခဲ့သည့်နှစ်ဈေးနှင့်နှိုင်းယှဉ်ပါက သိသိသာသာ ဈေးကောင်းရနေကာ ကုလားပဲဈေးနှင့်ဘိုကိတ်ပဲဈေးတို့လည်း ဈေးကောင်းရနေကြောင်း သိရှိရပါသည်။ ကုလားပဲကို ပြည်တွင်းစားသုံးမှုများတဲ့အတွက် ပဲခွဲစက်သမားများမှ အဝယ်ရှိနေပြီး ပဲကြီးကိုတော့ ပြည်တွင်းပဲကြော်လုပ်ငန်းများနှင့် တရုတ်မှအဝယ်ရှိနေသဖြင့် ဈေးပိုမိုရရှိနေကြောင်း၊ ဘိုကိတ်ပဲကိုတော့ ကြာဇံထုတ်လုပ်ရာတွင် အသုံးများသောကြောင့် ကြာဇံစက်များမှ ဝယ်လိုအားရှိနေကြောင်း သိရှိရပါသည်။

ဈေးကွက်ထဲတွင် ကုလားပဲ(HL)နှင့် ကုလားပဲ(မြကြေး) (၁)အိတ်လျှင် (၅၀၀၀၀)ကျပ်မှ (၇၀၀၀၀)ကျပ်ဈေးရှိပြီး တစ်ရက်လျှင် အိတ်(၅၀၀)မှ(၇၀၀)ကြား၊ ပဲကြီး(၁)အိတ်လျှင် (၇၀၀၀၀)ကျပ်မှ (၈၀၀၀၀)ကျပ်ဈေးရှိပြီး တစ်ရက်လျှင် အိတ်(၂၀၀)မှ(၃၀၀)ကြား၊ ဘိုကိတ်ပြာ (၁)အိတ်လျှင် (၄၆၀၀၀)ကျပ်ဈေးရရှိနေပြီး တစ်ရက်လျှင် အိတ်(၁၅၀)အထိ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်နှစ် ယခုအချိန်တွင် ကုလားပဲ(HL)နှင့်ကုလားပဲ(မြကြေး) (၁)အိတ်လျှင် (၅၅၀၀၀)ကျပ်၊ ပဲကြီး(၁)အိတ်လျှင် (၅၀၀၀၀)ကျပ်မှ (၅၅၀၀၀)ကျပ်အတွင်းနှင့် ဘိုကိတ်ပြာ(၁)အိတ်လျှင် (၄၀၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ် အတွင်းသာ ဈေးရရှိခဲ့သည့်အတွက် ယခုနှစ်တွင် အသစ်ထွက်ပေါ်သည့် ပဲများအနေဖြင့် ဈေးကောင်းရရှိနေကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇုန်ဌာန

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးနှုန်းကျဆင်းလာ

မတ်လပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ဘက်မှ ပြောင်းဖူးစေ့ များဝင်ရောက်လျှက်ရှိကြောင်း၊ ပြည်ပဈေးကွက်သို့ မြဝတီနယ်စပ်မှတစ်ဆင့် တင်ပို့မှုရှိပြီး မူဝါဒအပြောင်းအလဲများကြောင့် ဈေးကွက်မတည်မငြိမ်ဖြစ်ကာ ဈေးနှုန်းကျဆင်းကြောင်း၊ အဓိက ငွေကြေးတန်ဖိုးအပြောင်းအလဲများနှင့် Logistics cost များမတည်ငြိမ်သောကြောင့် ဈေးနှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း ဝယ်လိုအားကျဆင်းသွားခြင်း မဟုတ်သည့်အတွက် မကြာခင် ပြောင်းဈေးပြန်တက်လာမည်ဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်သတင်းများအရသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၆၀၀၀၀ မှ ၆၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၀၅၀၀ မှ ၆၁၅၀၀ ၊ယခင်လ ကျပ် ၆၄၈၀၀ မှ ၆၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၁၀၀၀ ၊ ယခင်လထက် ကျပ် ၄၅၀၀ မှ ၄၈၀၀ နိမ့်ကျလာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၆၀၀၀၀ မှ ၆၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၀၅၀၀ မှ ၆၁၅၀၀၊ ယခင်လ ကျပ် ၆၀၅၀၀ မှ ၆၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ မှ ၁၀၀၀ ၊ ယခင်လထက်ကျပ် ၃၀၀၀ မှ ၄၅၀၀ နိမ့်ကျလာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်း မှာ ယခုတစ်ပတ် ကျပ် ၅၈၅၀၀ မှ ၅၉၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၉၀၀၀ ၊ ယခင်လ ကျပ် ၆၂၀၀၀ မှ ၆၃၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ ၊ ယခင်လထက် ကျပ် ၃၅၀၀ မှ ၄၀၀၀ နိမ့်ကျလာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## မန္တလေးကုန်စည်ဒိုင်၏ ပဲမာဈေးနှုန်း ဆက်တိုက်မြင့်တက်နေ

မတ်လပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတဝိုက်နှင့် နယ်စုံမှ ပဲအသစ်များ လှိုင်လှိုင် ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေသည့်ကာလဖြစ်ကြောင်း ယခင်နှစ်များက ပဲအသစ်များအဝင်များချိန် ဈေးနှုန်း ကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင်ဈေးကောင်းရရှိနေသည်။ ပဲမာလိုင်းများ ပြည်တွင်းအထွက်နှုန်းကျဆင်းခြင်း၊ အိန္ဒိယ နိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားမှုကို အဝယ်ကုန်သည်များ ထိန်းထိန်းသိမ်းသိမ်းဝယ်နေတာကြောင့်လည်း ပို့ကုန်ပဲများ ယခင်နှစ်ထက် ဈေးမြင့်လာကြောင်း၊ မန္တလေးကုန်စည်ဒိုင် ဈေးကွက်သတင်းများအရ သိရသည်။

**ပဲစဥ်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၀၆၀၀၀ ဈေးရှိပြီး ၊ ယခင်တစ်ပတ် ကျပ် ၂၀၅၀၀၀ ၊ ယခင်လ ကျပ် ၁၈၃၀၀၀ မှ ၁၈၃၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၊ ယခင်လထက်ကျပ် ၂၂၅၀၀ မှ ၂၃၀၀၀ မြင့်တက်လာသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၂၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၈၀၀၀၀ မှ ၁၈၂၀၀၀ ၊ ယခင်လ ကျပ် ၁၇၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ ၊ ယခင်လထက်ကျပ် ၇၀၀၀ မြင့်တက် လာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၇၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၅၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင်လ ကျပ် ၂၆၅၀၀၀ မှ ၂၆၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ ၊ ယခင်လထက်ကျပ် ၅၀၀၀ မှ ၁၈၀၀၀ မြင့်တက် လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## အိန္ဒိယနိုင်ငံသည် စပါး သန်း ၇၀ ကျော်ဝယ်ယူရန် တောင်သူများထံ အနိမ့်ဆုံးထောက်ပံ့ငွေ (MSP) ရူပီး ၄၅.၈၄၅ ကုဋေ ပေးဆောင်

ယခု မုတ်သုံရာသီတွင် စပါးဝယ်ယူမှုသည် တန်ချိန်သန်း ၇၀ ကျော်သွားခဲ့ပြီး တောင်သူများထံသို့ MSP ရူပီး ၁၄၅၈၄၅ ကုဋေ ပေးဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ စားသုံးသူရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၏ ပြောကြားချက်အရ ၂၀၂၂-၂၀၂၃ မုတ်သုံရာသီသီးနှံအတွက် ဖေဖော်ဝါရီလ ၂၀ရက်နေ့အထိ စပါးတန်ချိန် ၇၀.၂ သန်း ကျော်ကို ချောမွေ့စွာဝယ်ယူရရှိခဲ့ပြီးဖြစ်သည်။

စပါးကို အနိမ့်ဆုံးထောက်ပံ့ငွေဖြင့် ဝယ်ယူရာတွင် လယ်သမားများ၏ ငွေစာရင်းများသို့ တိုက်ရိုက်ငွေလွှဲပေးပြီး ရူပီး ၁၄၅၈၄၅ ကုဋေဖိုးရှိခဲ့ရာ လယ်သမား ၉၆ သိန်းကျော်သည် အကျိုးခံစားခွင့်ရရှိခဲ့ကြပါသည်။ ဝယ်ယူရေးလုပ်ငန်းများ အတွက် အစီအစဥ်များအားလုံးကို အရှုပ်အရှင်းကင်းကင်းဖြင့် ဝယ်ယူထားရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဗဟိုအစိုးရ၏ စားနပ်ရိက္ခာဝယ်ယူရေးကော်ပိုရေးရှင်း(Central Pool) သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ ဝယ်ယူထားသည့်စပါးများမှ ဆန်တန်ချိန် ၂၁.၈ သန်း သယ်ယူပြီးဖြစ်သည်။ Central Pool သည် လက်ရှိတွင် နိုင်ငံလိုအပ်ချက်အတွက် လုံလောက်သော ဆန်စပါးများကို သိုလှောင်ထားပြီးဖြစ်သည်။

၂၀၂၁-၂၀၂၂ မုတ်သုံရာသီသီးနှံတွင် စပါးတန်ချိန် ၇၄.၉ သန်း(ဆန်တန်ချိန် ၅၀.၃သန်း) ဝယ်ယူခဲ့၍ ၂၀၂၂-၂၀၂၃ မုတ်သုံရာသီသီးနှံအတွက် စပါးတန်ချိန် ၇၆.၅၄၃ သန်း (ဆန်တန်ချိန် ၅၁.၄ သန်း) ထိ ဝယ်ယူရန်ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ ၂၀၂၂-၂၃ ဆောင်းရာသီသီးနှံအတွက် စပါးဝယ်ယူမှုခန့်မှန်းချက်သည် မတ်လ ၁ ရက်နေ့တွင် ကျင်းပမည့် စားနပ်ရိက္ခာအတွင်းရေးမှူးများ အစည်းအဝေးတွင် အပြီးသတ်ဆွေးနွေးမည်ဖြစ်သည်။ ဆောင်းစပါးဝယ်ယူမှုပြီးဆုံးပါက ၂၀၂၂-၂၃ တစ်ခုလုံးအတွင်း စပါး တန်ချိန်သန်း ၉၀ ခန့်ဝယ်ယူနိုင်မည်ဟု ခန့်မှန်းထားသည်။

(ရီရီဝင်း၊ MYANTRADE)

Source:https://www.business-standard.com/article/ markets/ paddy-procurement-over-70-mn-tonnes-rs-1-45-845-crore-msp-paid-to-farmers-123022100934_1.html

## ယခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်သည် ကမ္ဘာပေါ်တွင်အာလူးထွက်ရှိမှုနှင့် တင်ပို့မှုအများဆုံးများထဲမှတစ်ခုဖြစ်လာ

ကမ္ဘာတစ်ဝှမ်းလုံးရှိ စားနပ်ရိက္ခာရောင်းချသူများသည် ကစီဓာတ်ရှိသောအဟာရဖြစ်သည့် သီးနှံတစ်မျိုးဖြစ်သည့် အာလူးကို ဖြန့်ဖြူးရောင်းချရန် စိတ်ဝင်စားလျက်ရှိသည်။

ကမ္ဘာ့အဓိက စားနပ်ရိက္ခာသီးနှံများဖြစ်သည့် ပြောင်း၊ ဂျုံနှင့်ဆန်တို့ပြီးလျှင် အာလူးသည် ကမ္ဘာ့စတုတ္ထ အရေးအကြီးဆုံး စားနပ်ရိက္ခာသီးနှံဖြစ်သည်။ ၂၀၂၂ ခုနှစ် စာရင်းများအရ ကမ္ဘာပေါ်တွင် အာလူးအများဆုံး စိုက်ပျိုးတင်ပို့ရောင်းချသည့်နိုင်ငံမှာ တရုတ်၊ အိန္ဒိယ၊ ယူကရိန်း၊ ရုရှတို့ဖြစ်ပြီး ပဉ္စမမြောက် အာလူးစိုက်ပျိုးတင်ပို့ရောင်းချသည့်နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အာလူးတန်ချိန် ၁၅ သန်းခန့် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး အဆိုပါထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ၎င်းတို့နိုင်ငံ၏ အာလူးစိုက်ပျိုးမှုသည် နှစ်စဉ်တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခဲ့ကြောင်းလည်း ရေးသားဖော်ပြထားသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရည်အသွေးကောင်းမွန်သော အာလူးများကို စိုက်ပျိုးထွက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် အာလူးတန်ချိန် မက်ထရစ်တန် သန်း(၅၀)ခန့် ထွက်ရှိအောင်စိုက်ပျိုးသွားမည်ဟု ရေးသားဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အာလူးများကို အဓိကတင်သွင်းသည့်နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ သီရိလင်္ကာ၊ ယူအေအီး၊ ဆော်ဒီအာရေးဗီးယား၊ အိုမန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့်ရုရှားတို့ဖြစ်သည်။

**Source: https://commerce.gov.mm**

## STOCK EXCHANGE (9.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,834 (Shares) | 7,582,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 13 | 107,900 | 33,109,694 | 274,811 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 1,374 | 4,465,500 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,038 | 1,712,950 | 29,664,613 | 48,947 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 2 | 5,300 | 12,823,224 | 33,982 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 316 | 844,800 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 91 | 445,900 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.89 | +0.00 | +0.00% | 379.74 | 379.74 | 378.33 | 2,834 | 7,582,350 | 7 | 667,644 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 2,834 (Shares) | 7,582,350 (MMK) |

### Main Board

As of 1:00 pm, 9th Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,834 (Shares) | 7,582,350 (MMK) |

| MYANPIX | 378.89 |
|---|---|
| | ▲ 0.00 |
| Total Volume (shares) | 2,834 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,644 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |